

ချုပ်နှောင်ခံ နေရသော ဝိညာဉ်များ
ဉာဏမင်း
(ခနုဗြာ)

# အခန်း( ၁ )

နေ့ပိုင်း နေမွန်းတည့်ချိန်တွင် ဦးသာဝ အိမ်သို့ မင်းလူ ရောက်လာခဲ့သည် ။ တပေါင်းလ ဖြစ်သဖြင့် အပူရှိန်မှာ ပြင်းထန်လှ၏ မင်းလူကိုယ်၌ ကလည်း သူသိချင်သော အရာတစ်ခု ဖြစ်နေ၍ နေစောင်းအောင် မစောင့်ပဲ ထထွက်ခဲ့ခြင်း ဖြစ်သည် ။

''ဟော့ မင်းလူ မင်းနှယ် ပူလိုက်တာ ဘယ်သွား မလို့ တုန်း''

''ဘယ်မှ မဟုတ်ဘူး ဦးဆီ ဆိုက်ဆိုက်မြိုက်မြိုက်လာခဲ့တာ''

''ဟေးမင်းက ငါ့ဆီ ကိစ္စရှိမှ လာတက်တာ ဘာကိစ္စလည်း မိန့်ပါဦး ကွကဲ လဖက်ရည်သောက် ''

ဦး သာ ဝ မှာ အသက် ၅၇နီးပါးရှိပြီး ကျန်မာသန်စွမ်းလှ၏ သူကိုယ်တိုင်ကလည်း စာပေနှင့် ဆေးဝါးကို တော်တော်လေး လိုက်စား ဖြစ်သဖြင့် မင်းလူ အပါအဝင် တစ်ရွာလုံး၏ ကျန်းမာရေး အတွက်ဗဟု သုတ အတွက် အားထားရဆုံး ပုဂ္ဂိုလ် တစ်ဦး ဖြစ်နေခဲ့သည် ဟု ဆိုနိုင်သည် ။

''ဂမုန်းစိမ်း တောထဲမှာ ရှာရှိလား ဦး''

''အေကွ ရှိတော့ ရှိခဲ့တယ် ပြောတာပဲ ကြားပြီး ဆိုလားပဲ''

ဦးသာဝ မင်းလူ၏ အမေးကို တစ်စုံတစ်ခု သတိရ ဟန်ဖြင့် ပြန်ဖြေ

လိုက်သည် ။

''ဒါနဲ့ မင်းက ဘာလုပ် မလို့ လည်း မင်းလူရ''

''ကျွန်တော် အိမ်မက် မက်လို့ ပါ အိမ်မက်က ဒီလိုဦးရဲ့ ''

ရွာကလေး၏ ပုံစံမှာ အဝေးမှ လှမ်းကြည့်လျှင် တောင်များကာရံထားသဖြင့် ကန်တစ်ခု အတွင်း အိမ်ဆောက်ထားဟန် တူသည် ကျေးငှက်များ မှာ လည်း စီညံ့နေ၍ သာယာဖွယ် ဖြစ်နေတော့သည် ။

မှိုင်းပြပြ မြူမှုန်ကြားမှ လူတစ်ယောက် ထွက်ပေါ်လာ၏ ရင်းဖုံ့အင်္ကျီ ချိတ်ထဘီနဲ့ ဆိုပေမဲ့ သူမက ငယ်ရွယ် ချောမောလွန်းသောကောင်မလေး တစ်ယောက် ဖြစ်သည် ။

''အစ်ကို ညီမကို တစ်ခုလောက် ကူညီပဲ့ါလား''

မင်းလူ မှာ ငေးမော တွေဝေနေဆဲပင် သူက ဘယ်သူလည်း ငါကရော ဘယ်ရောက်နေတာလည်း မင်းလူ စဉ်းစာ၍ မရဖြစ်နေသည် ။

''အစ်ကို ဒီမှာ ရှင့် ''

''အမ်း''

မိန်းကလေး စိတ်မရှည်ဟန် အော်ခေါ်လိုက် သဖြင့် မင်းလူ သတိဝင်လာခဲ့သည် ။

''ဟုတ်ကဲ့ ခင်ဗျ ဘာပြော လိုက်တာလည်း ''

''ညီမ အကူအညီ တစ်ခု တောင်းချင်လို့ ပါ ''

''ဟုတ်ကဲ့ ပြောပါ ခင်ဗျ တက်နိုင်ရင် ကူညီပဲ့ါမယ်''

''အစ်ကိုမှ မကူညီရင် ညီမတို့ ဘဝက ဒီတိုင်းပဲ နေရတော့မှာ ပါ''

သူမပြောရင် မျက်နှာလေး ညိုးငယ်ကာ မျက်ရည်များ ဝဲရစ် သွားလေသည် ။

''ခင်ဗျာ ဘာကိုလည်း ''

''ထားလိုက်ပါ ကူညီမယ် မဟုတ်လားဟင်းး'

သူမ ကလေးတစ်ယောက်လို ဂျီတိုက်နေ၏ မသိလည်း မသိ၊ အရင်ကလည်း မြင်ဖူးသူ မဟုတ် သူမက ဘယ်သူလည်း မင်းလူ ဦးနှောက်ခြောက်ရ ပြန်သည် ။

''တခြားလူ ကူညီခိုင်းလို့ မရဘူးလား''

''ဘာလည်း မကူညီဘူးပေါ့ ဟုတ်လား''

မင်းလူ ကသိကအောက် ဖြစ်သွားသည် သူ ဘာပြန်ပြော ရမည်ကို မသိ ဖြစ်နေ၏။

''ကူညီနော် အစ်ကို နော်''

''ဒါနဲ့ မင်းနာမည်က ဘယ်လိုခေါ်လည်း ''

''မင်းလို့ မခေါ်ပါနဲ့ ညီမလို့ ပဲ ခေါ်ပါ နာမည်က လမင်းစန္ဒာ ''

''ဟား ဟား ဟား...''

မင်းလူ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်၏။

''ဘာရယ်တာတုန်း''

''လမင်းနဲ့ စန္ဒာက မတူလို့ လား''

''တူတော့ တူတာပေါ့ အစ်ကိုရဲ့ နာမည်ပိုလှအောင် ပေးထားတာ ခိခိ''

သူမက ကလေးငယ် တစ်ယောက်၏ ပုံစံနှင့် မင်းလူကို ပြော နေသည် ။

'' ဘာကူညီရမလည်း ပြောလေ''

''ဗူးလေးတွေကို ဖွင့်ခိုင်းချင်လို့ ပါ ''

မိန်းကလေး၏ စကားကြောင့် မင်းလူ ကြောင်စီစီ ဖြစ်သွားသည် ။

''အယ် ဘာများ လည်း လို့ ဘယ်မှာ လည်းပေး''

''အခုတော့ မပါဘူး အိမ်ရှေ့ ရေတွင် နားက အုတ်ဂူထဲမှာ ရှိတယ် ''

'' ဒါဆို ယူခဲ့လေ ''

''အစ်ကို ယူပြီး ဖွင့်ပေးပါ ကျေးဇူး မမေ့ပါဘူး ကူညီပါနော်''

''အင်း ဒါဆို အိမ်သွားမယ်လေ ''

မိန်းကလေး၏ မျက်နှာသိသိသာသာ ညိုးငယ် သွားလေသည် ။

''သွားလို့ မရဘူး အစ်ကို ဦးသက္က ရှိတယ် ''

''ဟင် ရှိတော့ ဘာဖြစ်လို့ လည်း ''

''သူက မှော်ဆန်ဆန် ပညာတွေ တက်တယ် ညီမအရမ်း ကြောက်တယ် အစ်ကို့ကို နေရာ ပြောပြမယ်လေနော်''

''ဒါဆိုလည်း ပြောလေ''

''စိမ်းတောရွာရဲ့ ရေတွင်းနာက ဂူဟောင်း တစ်ခုထဲမှာ ပါ''

မင်းလူ ခေါင်ထဲ ပိုရှုပ်ထွေးသွားရ၏။

''မကြားဖူးပါဘူး စိမ်းတောရွာ ''

''ဂမုန်းစိမ်းတောရဲ့ အလယ်မှာ ရှိပါတယ် ရွာကို ရှာတွေ့ဖို့ တောင်ကြားလမ်းကို ရွေးပါ အချိန်မရလို့ သွားပြီးနော် ရွာလာမှ ထပ်တွေ့မယ်''

သူမ တစ်ယောက်ထဲ တစ်တွတ်တွတ်ပြောရင်း မင်းလူ၏ ရှေ့မှ ထွက်သွား လေသည် ။ မိန်းကလေး ပြောသွားသည် များကို နားကတော့ နားထောင်နေသည် မျက်လုံးကတော့ သူမ၏ ချစ်စဖွယ် အမူအရာမှ မခွာမိခဲ့ချေ။

'' မိန်းကလေးက တော်တော် လေး ချောတယ် ဦး ရ''

''ဟေ... မင်းက ဘာလည်း ကွ ဒါပဲလား မင်းလူရ မင်းက ဂမ္ဘီရ၊ ပရလောက အကြောင်း စာရေးတော့ ဇာတ်အိမ် ကောင်းသကွာ''

ဦးသာဝ ချီးကျူးလိုက်သည် လား ရွဲ့လိုက်သည် လား မပြောတက် မင်းလူ နည်းနည်း ရှက်သွားသည် ။

''ဒါနဲ့ မင်းက စိမ်းတောရွာ အကြောင်း သွားချင်တယ် ဆိုပါတော့''

''ဟုတ်တယ် ကျွန်တော် သွားမလို့ ဦးရဲ့ ''

''ကြားသားမိုးကြိုး မင်းရဲ့ အိမ်မက်ထဲက ကောင်မလေးနဲ့ ထက်တွေ့ချင်သေးတယ်ပေါ့ ဟဲ ဟဲ...''

ဦးသာဝ သဘောကျစွာ ရယ်ရင်း ပြောလိုက်သည် ။

''မဟုတ်ပါဘူး ဦးရစာအတွက် ကုန်ကြမ်း ရလို့ ရငြားပေါ့ ကြည်ဖြူမေ အတွက် နေရာ ပေးပြီးထားတာ သိသားနဲ့ ဟဲဟဲ''

'' အေပါကွာ မင်းပြောတော့လည်း မင်းစကားပေါ့ ဒီရွာအကြောင်းတော့ ငါမသိဘူး မင်းလူရေ ဒါပေမဲ့ စိမ်းတောရွာနဲ့ ဆက်စပ်ပြီး နားလည်တဲ့ သူ တစ်ယောက်ကိုတော့ သိတယ်''

ဦးသာဝ စကားကြောင့် မင်းလူ အားတက် သွားသည် ။

''ဦးတကယ် ပြောတာလား ဘယ်မှာ လည်း ''

''အေးသူကတော့ နှောင်ချိုရွာမှာ နေတဲ့ ကိုသုခပဲ''

''ဟုတ်ကဲ့ နှောင်ချိုရွာဆိုတော့ ဦးဇာတိပေါ့ နောက်ရက်မှ အလည် လာတော့မယ် ဦးရေ''

မင်းလူ သူသိချင်တာ သိရ၍ ဦးသာဝကို နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့လေသည် ။ အိမ်ရောက်သည် နှင့် အိမ်မက်ကို ဒုတိယ၊ တတိယ အကြိမ် ပြန်စဉ်းစား နေလိုက်၏ သူကိုယ်တိုင်က စွဲလန်းနေသည် မဟုတ်ပါလား သို့သော် ထိုအရာက အပြင်မှာ တကယ် ရှိသည် လား မရှိသည် လား မပြောတတ်။

''မောင် ဘာလုပ်နေလည်း ''

မင်းလူ အတွေးများ ပြတ်တောက်သွားသည် သူရဲ့ ချစ်သူ ကြည်ဖြူမေ အိမ်သို့ ရောက်လာခြင်း ဖြစ်၏။

''ဘာမှ မလုပ်ပါဘူး မရဲ့ ဒီရက်ပိုင်း ခရီးထွက်မလားလို့ ''

''ဟင်… ခရီးကလည်း ထွက်နိုင်လွန်းတယ် သူ့အလုပ်ကလည်း ''

ကြည်ဖြူမေ နှုတ်ခမ်းလေးစူကာ မင်းလူကို ချစ်သူတို့ သဘာဝ စိတ်ကောက် ပြနေသည် ။

''ဇာတ်လမ်း အသစ်အတွက် ကုန်ကြမ်းလေး ရှာဖို့ ပါ မရယ်''

မင်းလူလို တစ်ကိုယ်ထဲ သမားနှင့် ကြည်ဖြူမေတို့ မိသားစုတွေ သဘောတူခဲ့သည် မှာ မကြာသေးပေ။ ကြည်ဖြူမေ၏ ခေါင်မာမှုကြောင့် မင်းလူကို သူမနှင့် သဘောတူခဲ့သည် ဆိုလည်း မမှားချေ။ မင်းလူ အနေနှ

င့် ကြည်ဖြူမေနှင့် နောက်နှစ်တော့ မင်္ဂလာ ဆောင်နိုင်ရမည်ဟု အားတင်း ထားခဲ့သည် ။ အခုနေတော့ သူရဲ့ အချိန်တွေကို အလုပ်နှင့် စာရေးခြင်းအပေါ်မှာ သာ ဖြည့်ဆည်း ပေးနေခဲ့၏။

''မောင် စကားလည်း မပြောဘူးကွား ပြန်တော့မယ်''

''အော်... စာထဲ စိတ်ရောက်သွားလို့ မပြန်ပါသေးနဲ့ မရဲ့ ''

''ပြန်မယ် ခုမှ လာမတားနဲ့ ''

''ကဲပြန်လို့ မရအောင် ဒီလို လုပ်ထားမယ်''

မင်းလူ နောက်ကျောဆီမှ ကြည်ဖြူမေ၏ ကိုယ်လုံးလေးအား အလိုက်သင့် ပွေ့ဖတ်ထားလိုက် သည် ။

''လွှတ်ကွာ ပြန်မယ် စိတ်ဆိုးတယ်''

ကြည်ဖြူမေမှာ မင်းလူထက် အသက်၄နှစ်မျှ ကြီးသော်လည်း မင်းလူနဲ့ ဆို ကလေးဆိုး တစ်ယောက်ပင် ဖြစ်၏။

''ဒါနဲ့ မောင်ဘယ်တော့ ခရီးသွားမှာ လည်း ''

''သန်းဘက်ခါလောက်တော့ သွားမယ်မရဲ့ ''

''မြန်မြန် ပြန်လာခဲ့နော် လွမ်းနေမှာ ''

''အင်း...ပါ မရဲ့ ''

မင်းလူ၏ နှုတ်ခမ်းမှ ညင်သာလှသော အနမ်းတစ်စုံ ကြည်ဖြူမေ၏ ပါးပြင်ပေါ်သို့ ကျရောက် သွားသည် ။ ကြည်ဖြူမေ ပြန်သွားသောအခါ သူရဲ့ အိမ်မက်အတွက် စဉ်းစား ရတော့သည် ။ မင်းလူ ခရီးသွားရန် အတွက် လိုအပ်တာများကို ကြိုတင် ပြင်ဆင်နေလိုက်၏ သူ့အတွက် စာရေးရန် ကုန်ကြမ်း ဆိုသည် ထက် အပြင်တွင် တကယ်ရှိမရှိ ဟူသော မ

သဲကွဲသည့် ခရီးဟု ဆိုနိုင်ပေသည် ။

ယနေ့မနက် မင်းလူ အထုတ်အပိုးများ နှင့် ကားဂိတ်သို့ ဝေလီဝေလင်း ထွက်လာခဲ့လေ၏ ညထဲက အဝေးပြေးကားဂိတ်မှ အစောဆုံးကားနှင့် လိုက်ပါလို၍ ဖြစ်သည် ။ အိမ်မက်တစ်ခုမှ ရလာသော လမ်းခရီးအား သူတကယ် သွားနေပါပြီးပဲဟု တွေးရင်းမင်းလူ ပြုံးလိုက်မိသည် ။ မနက် ၆နာရီမှ စ၍ ကားလေမှာ တစ်ရွေ့ရွေ့နှင့် ထွက်ခွာလာခဲ့ရာ နေ့လည်ပိုင်းတွင် လမ်းခရီးတစ်ထောက်နားပေး၍ စားသောက်ကြ၏။ ထိုမှ ပြန်ထွက်ခွာလာရာ ညနေ ၃နာရီခန့်တွင် နှောင်ချိုကျေးရွာသို့ ရောက်လေတော့၏။ ရွာထဲရှိလူများ မေးမြန်းပြီး ဦးသုခအိမ်သို့ မင်းလူ ယခု ရောက်နေလေပြီး။

''ကဲ ငါ့တူက ဘယ်ကတုန်းကွ ဘာကိစ္စ ရှိလို့ လည်း ''

''ဟုတ်ကျွန်တော်က ရောဝတီ ဘက်ကပါ ဦး အကြောင်းရယ်တော့ မဟုတ်ပါဘူး သိချင်တာလေး ရှိလို့ ပါ''

''ဘာကိစ္စမို့ ဒီလောက် အဝေးက လာရတာတုန်း ငါ့တူရ''

''ဂမုန်းစိမ်း တောထဲမှာ အရင်က စိမ်းတောရွာ ဆိုတာ ရှိခဲ့ဖူးလား ဦး''

ဦးသုခ မင်းလူအား အကဲခတ် လိုက်၏။

''အေးရှိသပေါ့ကွာ ငါ့တို့ ဘက်က ဘယ်သူမှ တောင်စိမ်းတော ရွာကို မသိကြဘူး မင်းက ဘယ်လိုသိလည်း ''

''ကျွန်တော်ကို ဦးသာဝ ပြောပြလို့ ပါ ပြီးတော့ ကျွန်တော်က စာရေးပါတယ် အထူးအဆန်း လေးတွေဆို စိတ်ဝင်စားလို့ ပါ''

မင်းလူ အိမ်မက်ကိုတော့ မပြောပဲ သိုဝှက် ထား လိုက်လေသည် ။

''ဒါနဲ့ အဲဒီနေရာကို ပြောပြပေးပါလားဦး လမ်းပြ တစ်ယောက်လောက်နဲ့ ''

''အော်… သာဝလား ဒီကောင်နဲ့ ငါက ငယ်ပေါင်းကွ မိန်းမရပြီးထဲက ရွာပြန်ကို မလာတော့ဘူး သူနေကောင်းရဲ့ လား''

''ဟုတ်ကဲ့ ကောင်းပါတယ်ဦး ဦးကို သတိရကြောင်း နောက်နှစ် အလည်လာမဲ့ အကြောင်းတောင် မှာ လိုက်သေးတယ်''

''အင်း မင်းက စာရေးသူ ဆိုတော့ လက်တွေ့ စူးစမ်းချင်မှာ ပေါ့ ရွာထဲကတော့ အဲဒီဘက် ဘယ်သူမှ မသွားရဲကြဘူး ငါ့တူ သွားချင်ရင်တော့ ဦးလေး တူတစ်ယောက်ရှိတယ် ညကြ အိမ်ခေါ် လိုက်မယ်လေ အခုတော့ ခဏနားပေါ့''

ညနေ မှောင်ရီသန်းစတွင် လူငယ်တစ်ယောက် ရောက်လာသည် မင်းလူနှင့် အသက်က မကွာလှ အသားညိုညိုနှင့် အလုပ်ကြမ်းသမား ပီသလှ၏။

''ကဲငါ့တူကို ခေါ်ရတာက ဒီမောင်ရင်က ဂမုန်းစိမ်းတောထဲ သွားမလို့ လမ်းပြ စေချင်ပြောလို့ ပါ''

မင်းလူကို လူငယ်က ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး…

''လိုက်ပို့တာတော့ ရပါတယ် ခင်ဗျား သွားနိုင်ပါ့မလား''

မင်းလူက မြို့သားပုံစံ ဖြူဖြူသန့်သန့်မို့ ပျော့သည် ထင်နေပုံ ရသည်။

''ရပါတယ် ကျွန်တော် သွာနိုင်ပါတယ် ဒါနဲ့ နာမည်က''

''ကျုပ်နာမည်က ရာဇမင်း ခင်ဗျာကရော''

စကားပြောပုံက မင်းလူ တွေ့ဖူးသမျှ လူတိုင်းနှင့် မတူသည့်ကို သတိထားမိသည် အနည်းငယ်မျှ တင်းမာလှ၏။

''ကျွန်တော့်နာမည် မင်းလူပါ''

''ကဲ အချင်းချင်း မိတ်ဆက်ပြီးပြီး ဆိုတော့ ခရီးသွားဖို့ ပြင်ပေါ့ ငါ့တူ ရာဇလည်း လိုအပ်တာတွေ မေ့မနေနဲ့ ''

ဦးသုခ စကားဖြတ် ပြောသဖြင့် မင်းလူနှင့်ရာဇ စကားစ ပြတ်သွားတော့သည် ။

''ဟုတ်ကဲ့ ဦးသုခ ဒါပေမဲ့ ဆေးဂမုန်း အမှုန့် ကျွန်တော်မှာ ကုန်နေပြီး''

''အေးဒါက အရေးကြီးတာပဲ မနက် ငါပေးလိုက်မယ်''

မင်းလူ စိတ်ဝင်စားသွားသည် ဂမုန်းဆိုပါလား မေးတော့ မမေးတော့ ကြုံမှ မေးမည်ဟု ဆုံးဖြတ် လိုက်သည် ။

''ဒါနဲ့ တောထဲမှာ ရွာကအခု ရှိသေးလား ဦး''

''ရှိတာ မရှိတာထက် ထူးခြား ဖြစ်စဉ် တစ်ခုတော့ ကြားဖူးတယ် ရွာပျက်ခဲ့တဲ့ ဖြစ်စဉ်ပေါ့ကွာ''

''သိသလောက်လေး ပြောပြပေးပါ့လား ဦး''

ဟူး...

ဦးသုခ လေပူတစ်ချက် မှုတ်ထုတ်ရင်း ရီဝေစွာဖြင့် ...

''အရင်တစ်ချိန်ကပေါ့ကွာ''

***